dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to hand over Peace?"*

ဖြစ်ပါတယ်။(ဇန်နဝါရီ၊၂၃၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးကို ဘယ်လိုဆက်လက် အကောင် အထည်ဖော်မလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

လူမျိုး၁၃၅မျိုး နေထိုင်လျက်ရှိပြီး ပြည်တွင်းစစ်ပွဲများ အရှည်ကြာဆုံးဖြစ်ပွားလာခဲ့သည့် မြန်မာနိုင်ငံတွင် အဆိုပါ ပြည်တွင်းစစ်ပွဲများကာလကြာမြင့်စွာ ဖြစ်ပွားနေမှုကြောင့်ပင် လူမှုစီးပွားဖွံ့ဖြိုးမှုပိုင်းတို့ တုံ့နေးခဲ့ရသည်ဟုလည်း ပညာရှင်များက ထောက်ပြဝေဖန်ခဲ့ကြသည်။ ၂၀၁၀ပြည့်နှစ်တွင် တက်ရောက်လာခဲ့သည့် သမ္မတ ဦးသိန်းစိန် လက်ထက်တွင် တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် ဆောင်ရွက်လာခဲ့ပြီး ကြားခံအဖွဲ့အစည်းတစ်ခုဖြစ်သော မြန်မာငြိမ်းချမ်းရေးစင်တာပေါ်ပေါက်လာခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းများအတွက်ဆောင်ရွက်လာခဲ့ပြီး လေးနှစ်ကျော် သက်တမ်းအတွင်း တိုင်းရင်းသားလင်နက်ကိုင် အဖွဲ့ရှစ်ဖွဲ့တို့နှင့် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလာဒ်အရ အနိုင်ရပါတီဖြစ်ခဲ့သည့် NLD ပါတီမှ ၂၀၁၆ ခုနှစ်တွင် အစိုးရဖွဲ့၍ တက်ရောက်လာမည်ဖြစ်ရာ လက်ရှိအစိုးရလက်ထက် ဆောင်ရွက်ခဲ့သည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်း ဆောင်ရွက်မှုများကို လာမည့်အစိုးရအဖွဲ့သစ်ထံသို့ လွှဲအပ်ရမည်ဖြစ်သည်။

နေပြည်တော်တွင် ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်ထိ ငါးရက်ကြာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကို ကျင်းပခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကို သုံးနှစ်မှ ငါးနှစ်အတွင်း ပြီးစီးအောင် ကျင်းပရန်နှင့် ဒုတိယ အကြိမ် ညီလာခံကို ဆောလျင်စွာ ခေါ်ယူကျင်းပရန် ညီလာခံ ကိုယ်စားလှယ်များက သဘောတူခဲ့ကြသည့်အပြင် နိုင်ငံရေးကဏ္ဍ ဖက်ဒရယ်စနစ်တွင် အခြေခံသင့်သည့် မူများ-ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ထိုးထားသည့် တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့များ၊ နိုင်ငံရေးပါတီစသည့် အစုအဖွဲ့ အသီးသီးမှ ၎င်းတို့၏ သဘောထားများကို ညီလာခံတွင် ဆွေးနွေးခဲ့ကြသည်။ ယခုညီလာခံမှ ဆွေးနွေးချက်၊ စုစည်းချက်များမှာ အဆုံးအဖြတ်မဟုတ်ဘဲ အစိုးရသစ်လက်ထက်ကျင်းပမည့် ငြိမ်းချမ်းရေး ညီလာခံအတွက် အခြေခံနိုင်ရန် မှတ်တမ်းအဖြစ်ထားရှိမည်ဟုလည်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ လက်မှတ်ရေးထိုးမှု မရှိသေးသည့် အဖွဲ့များအပေါ် တပ်မတော်အနေနှင့် သံသယစိတ်မထားဘဲ မိမိတို့စိတ်ဆန္ဒအတိုင်း အချိန်မရွေး လက်မှတ် ရေးထိုးနိုင်ရန် တံခါးဖွင့်ထားပြီး အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ငြိမ်းချမ်းရေးလိုလားသော၊ ပြင်းပြတဲ့ဆန္ဒအမှန်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း ဆိုထားသကဲ့သို့ အနိုင်ရ ပါတီမှ ဒေါ်အောင်ဆန်းစုကြည်ကလည်း ၎င်းတို့အစိုးရသစ်တက်ရောက်လာပါကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပထမဆုံး ဆောင်ရွက်ရမည့်အရာဖြစ်သည်ဟုလည်း ဆိုထားသည်။ လက်ရှိအစိုးရ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်မှုတွင်ပါဝင်ခဲ့သော MPC ၊ တက်ရောက်လာမည့် အစိုးရသစ် စသည်တို့အကြား လက်ရှိ မပြီးပြတ်သေးသည့် မြန်မာ့ငြိမ်းချမ်းရေး ခရီးစဉ်မှာ မည်သို့လွှဲပြောင်းသူ၊ကြားခံအဖွဲ့အစည်းနှင့် တက်ရောက်လာမည့် အစိုးရသစ်၊တပ်မတော်တို့ကြား မည်သို့ဆောင်ရွက်မည်ဆိုသည်ကို စိတ်ပါဝင်စားလျက်ရှိနေကြရာ ယခုတစ်ပတ် ဒီဗွီဘီ ဒီဘိတ်အစီ အစဉ်မှ သက်ဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

**သူတို့အမြင်**

"နောင်အခင်းအကျင်းမှာ အစိုးရပြောင်းမယ်။လွှတ်တော် ပြောင်းမယ်။ ပြီးရင် နောင်တက်လာမယ့် အစိုးရကသာ လက်မှတ် မထိုးရသေးတဲ့ တိုင်းရင်းသားအားလုံး ပါဝင်လာနိုင်အောင် ပါဝင်လာနိုင်မယ့် အခင်းအကျင်းကို သူတို့ လုပ်ပေးနိုင်တယ်ဆိုရင် သူတို့ဖိတ်ခေါ်မယ် သဘောအားဖြင့်ပေါ့။ သူတို့ လာလို့ရအောင် အခင်းအကျင်းတွေ ဖန်တီးပေးမယ် ဆိုရင်ဖြင့် အားလုံးပါဝင်လာတဲ့ အချိန်မှာ အဲဒီအချိန်ကျရင် မူဘောင်မှာ ပါဝင်တဲ့ ပြန်လည်ပြင်ဆင်နိုင်ခွင့် ရှိတယ်ဆိုတဲ့ အချက်ပေါ်မှာ ကျွန်တော်တို့ ပြန်လည်ညှိနှိုင်းပြီးတော့ အဲဒီအချိန်မှာ သုံးပွင့်လည်း ဖြစ်ရင်ဖြစ်သွားမယ်။ လက်ရှိ ငါးပွင့်ဆိုင်လည်း ဖြစ်ရင်ဖြစ်နေမယ်။ ဒါကတော့ အားလုံးပါဝင်လာတဲ့ အချိန်မှာ ဆွေးနွေးပြီးတော့ ထွက်လာမယ့် အဖြေပေါ့။ အဲဒီအဖြေနဲ့ ဆက်ပြီးသွားရမယ်လို့ ကျွန်တော်ကတော့ အဲဒီလို မြင်တယ်" **ဦးစိုင်းကျော်ညွှန့်** - UPDJC အတွင်းရေးမှူးအဖွဲ့ဝင် နိုင်ငံရေးပါတီ အစုအဖွဲ့

"ကျွန်တော်တို့ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ဆိုရင် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် အနိုင်ရထားတဲ့ ပါတီ။ အစိုးရဖွဲ့ဖို့ အလားအလာရှိတဲ့ ပါတီ။ ဒါပေမဲ့ ဒီညီလာခံကြီးမှာ ကိုယ်စားလှယ် ၇၀၀ ထဲမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ကိုယ်စားပြုပြီးပါတာ ငါးဦးပဲပါတယ်။ ငါးဦးပဲပါတာဆိုတော့ အများကြီး နည်းနေတယ်။ အဲဒီတော့ ပြည်သူ့ကိုယ်စားပြုမှုလို့ ပြောလို့ရှိရင် ပြည်သူ့ကိုယ်စားပြုမှု နည်းနေတယ်လို့ ပြောရမှာ။ ဒါက အချိုးအစားက အစ ပြန်ဆွေးနွေးရမယ့် အနေအထားတွေ ရှိတယ်။ တချို့ဟာတွေမှာလည်း လက်တွေ့ လုပ်ကြည့်လိုက်တဲ့အခါ အဆင်မပြေတဲ့ နိုင်ငံရေး ဆွေးနွေးမှု ဆိုင်ရာ မူဘောင်တွေကိုလည်း ပြန်ပြီးညှိဖို့တော့ လိုမှာပေါ့"
**ဦးထွန်းထွန်းဟိန်** - အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်

"မူဘောင်ထဲမှာ နောက်အစိုးရက ပြုပြင်ပြောင်းလဲမှုကို လုပ်နိုင်တယ်။ ဒါကြောင့် နောင်လာမယ့် အစိုး ရမှာ အကျပ်အတည်း မဖြစ်နိုင်ပါဘူး" **ဦးအောင်မင်း** - ပြည်ထောင်စု ငြိမ်းချမ်းရေးဖော် ဆောင်ရေးကော်မတီ ဒုဥက္ကဋ္ဌ

"ဒီညီလာခံ ဖွဲ့စည်းပုံကိုလည်း ကျွန်တော်တို့ တောင်းဆိုထားတဲ့ ပုံစံမျိုး မဟုတ်ခဲ့ပါဘူး။ အရင်တုန်း က သုံးပွင့်ဆိုင် ဆိုပေမယ့်လို့ အခုငါးပွင့်ဆိုင် မကဘဲနဲ့ ခုနစ်ပွင့်ဆိုင်လိုမျိုး ဖြစ်သွားပြီ။ ဒီကိစ္စလည်း ဝေဖန်တဲ့ အသံတွေလည်း ကြားရပါတယ်။ ဒီတော့ အားလုံးအတွက် အဆင်ပြေမယ့် ညီလာခံ ပုံစံမျိုး ဖြစ်သွားဖို့လည်း လိုအပ်တယ်။ ဒါပေမဲ့ ဘယ်လိုပြောင်းလဲကြမလဲ။ ပြောင်းလဲနိုင်တဲ့ နည်းလမ်းတွေ ရှိသလားဆိုတာ ထပ်မံပြီးတော့ ဆွေးနွေးရ ဦးမယ်လို့ ထင်ပါတယ်" **ဗိုလ်မှူးကြီး စိုင်းလ**- RCSS/SSA ၏ ညီလာခံကိုယ်စားလှယ်

"ကျွန်တော့်အမြင်ကတော့ UPDJC အစည်းအဝေး လုပ်စဉ်တုန်းက ပိုင်းပြီးတော့ ဆွေးနွေးကြတာပေါ့။ သူ့အမြင်ကိုယ့်အမြင်နဲ့ပေါ့။ အစုသုံးစု ဖြစ်ရင်ဖြစ်မယ်။ ငါးစုဖြစ်ရင် ဖြစ်မယ်။ အင်အားကိုဘယ်လောက် ထားသင့်တယ်ဆိုပြီး သူ့အမြင်ကိုယ့်အမြင် ဆွေးနွေးကြတယ်။ အဲဒီဆွေးနွေးပြီးတဲ့ ဆွေးနွေးရင်း ဆွေးနွေးရင်းနဲ့မှ ကျွန်တော်တို့ အစုအဖွဲ့ကြီး ငါးစုနဲ့ သွားပါမယ်။ အစုအဖွဲ့ငယ်နှစ်ခုနဲ့ သွားပါမယ်။ အင်အားကို ဘယ်လောက်ဆိုတာ အားလုံး သဘောတူပြီးပြီ။ သဘောတူပြီးလို့ ဒီညီလာခံ လုပ်တာလေ" **ဦးခင်ဇော်ဦး** - တပ်မတော် အစုအဖွဲ့ကိုယ်စားလှယ်

"မြန်မာငြိမ်းချမ်းရေးစင်တာက လူတွေအားလုံး နားလိုက်ကြမယ်ဆိုရင်ဆိုရင် ငြိမ်းချမ်းရေးအတွက် ခက်ခဲသွားလိမ့်မယ်" **ဗိုလ်ချုပ်ကြီးရွက်ဆစ်** - ဥက္ကဋ္ဌ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

*Information links:*

www.reuters.com
www.news-eleven.com
www.7daydaily.com
www.dvbdebate.net